# မန္တလေးတိုင်းဒေသကြီး ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု
# ပြပွဲများဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) ရည်ရွယ်ချက်များ | ၂ | - |
| ၄ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း | ၃ | ၄ |
| ၅ | အခန်း(၄) ကော်မတီနှင့် မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၄ | ၅ |
| ၆ | အခန်း(၅) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများ ပြသခွင့်ပြုသည့်လက်မှတ် | ၅ | - |
| ၇ | အခန်း(၆) တားမြစ်ချက်များ | ၅ | ၆ |
| ၈ | အခန်း(၇) စီမံခန့်ခွဲရေးနည်းလမ်းအရေးယူခြင်း | ၆ | - |
| ၉ | အခန်း(၈) ပြစ်ဒဏ်များ | ၆ | - |
| ၁၀ | အခန်း(၉) အထွေထွေ | ၇ | - |

# **မန္တလေးတိုင်းဒေသကြီး ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲများဥပဒေ**

( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၀။ )

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

## **နိဒါန်း**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## **အခန်း (၁)**

## **အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်**

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီး ဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(င) **တိုင်းဒေသကြီးဦးစီးမှူး** ဆိုသည်မှာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ တာဝန်ခံအရာရှိကို ဆိုသည်။

(စ) **ကော်မတီ** ဆိုသည်မှာဤဥပဒေအရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ မြို့နယ် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲများ ကြီးကြပ်ရေး ကော်မတီကိုဆိုသည်။

(ဓ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲ ဆိုသည် စကားရပ်တွင် အများပြည်သူတို့အတွက် ရည်ရွယ်၍ ဗဟုသုတဖြစ်စေရန် သို့မဟုတ် စိတ်ဝင်စားစေရန်ပြသည့် ဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲ၊ ပန်းပုပြပွဲ၊ စာအုပ်ပြပွဲ၊ ကာတွန်းပြပွဲ၊ လက်မှုပညာပြပွဲနှင့် အလားတူ အခြားပွဲများ ပါဝင်သည်။ သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားတို့၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာအားဖြင့် မိမိတို့၏ ရပ်ကွက်၊ ကျေးရွာဒေသအလိုက် သဘာဝ အလျောက် ခင်းကျင်းပြသခြင်းများ မပါဝင်ချေ။

(ဈ) **ပြသခွင့်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီမှ ထုတ်ပေးသည့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲ ပြသခွင့်လက်မှတ်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာများကို ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများ ပြုလုပ်ခြင်းဖြင့်အထောက်အကူပြုရန်၊

(ခ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများပြုလုပ်ခြင်းဖြင့် အများပြည်သူများ အနုပညာရသများ ကြည့်ရှု ခံစားလာနိုင်ရန်နှင့် အနုပညာအရည်အသွေးများ မြင့်မားလာရေး အထောက် အကူပြုရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ ဘဝ၊ ဓလေ့၊ ယဉ်ကျေးမှုများကို ဖော်ထုတ်ပြသခြင်း အားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မြှင့်တင်ရန်၊

(ဃ) မြန်မာ့ပန်းဆယ်မျိုး ပညာရပ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ နယ်ပယ်တွင် ထင်ရှားပေါ်လွင်မှု ရှိလာစေရန်နှင့် မျိုးဆက်သစ်များသို့ လက်ဆင့် ကမ်းရန်၊

(င) နိုင်ငံတော် တည်ဆောက်ရေးတွင် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပညာရှင်များ တစ်တပ် တစ်အား ပါဝင်လာစေရန်၊

(စ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပညာရှင်များ၏ ဘဝမြှင့်တင်ရန်၊

(ဆ) သမိုင်းအထောက်အထားများကို ရှာဖွေဖော်ထုတ် ပြသခြင်းဖြင့် သမိုင်းမှတ်တမ်း အတွက် အထောက်အကူပြုရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီးမြန်မာနိုင်ငံရဲတပ်ဖွဲ့သတင်းတပ်ဖွဲ့ ကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| (ဂ) | သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ ကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| (င) | ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး) ကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| (စ) | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကိုယ်စားလှယ် (၂)ဦး | အဖွဲ့ဝင် |
| (ဆ) | မန္တလေးဓာတ်ပုံအသင်း ကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| (ဇ) | အထက်မြန်မာပြည် ဓာတ်ပုံအသင်းကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| (ဈ) | ပန်းချီပညာရှင်များ ကိုယ်စားလှယ် (၁)ဦး အဖွဲ့ဝင် | |
| (ည) | ပန်းချီ၊ ပန်းပုကျောင်း (မန္တလေး) ကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး | အတွင်းရေးမှူး |

၅။ အစိုးရအဖွဲ့သည် ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီဖွဲ့စည်းပုံနှင့် ကော်မတီဝင် အရေအတွက်တို့ကို ပြင်ဆင်သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။

၆။ ကော်မတီသည် အောက်ပါအတိုင်း မြို့နယ်ကော်မတီကိုဖွဲ့စည်းရမည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ

(ခ) မြို့နယ်ပန်းချီပညာရှင် ကိုယ်စားလှယ် (၁)ဦး အဖွဲ့ဝင်

(ဂ) မြို့နယ် ဓာတ်ပုံပညာရှင် ကိုယ်စားလှယ် (၁)ဦး အဖွဲ့ဝင်

(ဃ) မြို့နယ် ပန်းပုပညာရှင် ကိုယ်စားလှယ် (၁)ဦး အဖွဲ့ဝင်

(င) မြို့မိမြို့ဖ ကိုယ်စားလှယ် (၂)ဦး အဖွဲ့ဝင်

(စ) မြို့နယ်ဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွင်းရေးမှူး

၇။ ကော်မတီသည် မြို့နယ်ကော်မတီများကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံနှင့် ကော်မတီဝင် အရေအတွက်တို့ကို ပြင်ဆင်သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။

## အခန်း (၄)

## ကော်မတီနှင့် မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

၈။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒချမှတ်ခြင်း၊ ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊

(ခ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများ ပြသခွင့်လျှောက်လွှာများကို စိစစ်ခြင်း၊ ပြသခွင့်ပြုသည့် လက်မှတ်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဂ) မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေအရ တရားစွဲဆိုအရေးယူသည့် ကိစ္စများတွင် တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊

(င) အစိုးရအဖွဲ့ကအခါအားလျော်စွာ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြသခွင့်ပြုသည့်လက်မှတ် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ကော်မတီသို့ တင်ပြခြင်း၊

(ခ) ပြသခွင့်လက်မှတ် လျှောက်ထားခြင်းအပေါ် ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) မြို့နယ်အတွင်း ဖွင့်လှစ်ခွင့်ပြုသည့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများအား အနီးကပ်ကြီးကြပ် ဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)

## ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများ ပြသခွင့်ပြုသည့်လက်မှတ်

၁၀။ ပြသခွင့်လက်မှတ် ရယူလိုသူသည် သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးမှူးသို့ လျှောက်ထားရမည်။

၁၁။ တိုင်းဒေသကြီးဦးစီးမှူးသည် ပြသခွင့်လျှောက်လွှာအား လိုအပ်သော စိစစ်မှုများ ပြုလုပ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ကော်မတီသို့ တင်ပြရမည်။

၁၂။ ကော်မတီသည် တိုင်းဒေသကြီးဦးစီးမှူးမှ တင်ပြသည့် လျှောက်လွှာများကို လိုအပ်သော စိစစ်မှုများ ပြုလုပ်ပြီး ဝန်ကြီး၏ သဘောထားမှတ်ချက်နှင့်အညီ ပြပွဲပြသခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၃။ ဤဥပဒေအရ ထုတ်ပေးသည့် ပြသခွင့်လက်မှတ်သည် လက်မှတ်တွင် ဖော်ပြသတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း အတည်ဖြစ်စေရမည်။

## အခန်း (၆)

## တားမြစ်ချက်များ

၁၄။ မည်သူမျှ ဤဥပဒေအရထုတ်ပေးထားသော ပြသခွင့်လက်မှတ် မရှိဘဲ ပြပွဲ ပြသခြင်းမပြုရ။

၁၅။ ပြသခွင့်လက်မှတ်ရရှိသူသည် ပြသခွင့်ပြုသည့် လက်မှတ်ပါ စည်းကမ်းချက်များကို ကျူးလွန် ဖောက်ဖျက်ခြင်းမပြုရ။

၁၆။ မည်သူမျှ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများကို ဤဥပဒေ၏ ရည်ရွယ်ချက်လုပ်ငန်းနှင့် မသက်ဆိုင်သော ကိစ္စရပ်များကို အသုံးမပြုရ။

၁၇။ မည်သူမျှ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲများကို တည်ဆဲဥပဒေနှင့် ညီညွတ်မှုမရှိသော လုပ်ငန်းများတွင် အသုံးမပြုရ။

၁၈။ ပြသခွင့်လက်မှတ်ရရှိသူသည် ပြပွဲတွင် တည်ဆဲဥပဒေများ၊ ပြပွဲများ၏ ရည်ရွယ်ချက်များနှင့် ညီညွတ်မှုမရှိသော ပြသခြင်းများကို ခင်းကျင်းပြသခြင်း မပြုရ။

## အခန်း (၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၉။ ကော်မတီသည် အခန်း (၆) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်သည့် ပြသခွင့်လက်မှတ်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးအမိန့်များ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲအားရပ်ဆိုင်းခြင်းနှင့် ပြသခွင့် လက်မှတ်အား ရုပ်သိမ်းခြင်း။

၂၀။ ကော်မတီ၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်ပါက ပြသခွင့်လက်မှတ်ပါ ခွင့်ပြုကာလအတွင်း အယူခံဝင်နိုင်သည်။

၂၁။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

## အခန်း (၈)

## ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ်တစ်သိန်းအထိ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၆၊ ၁၇ နှင့် ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆)လအထိဖြစ်စေ ငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၂၅။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲများကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခုနှင့် သက်ဆိုင်ခြင်းမှ စည်းကမ်းချက်များထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၆။ ဤဥပဒေအရ အရေးယူမည့် မည်သည့်ပြစ်မှုကိုမဆို ကော်မတီ၏ခွင့်ပြုမိန့်မရရှိဘဲ မည်သည့် တရားရုံးကမျှ လက်ခံစစ်ဆေးခြင်း မပြုရ။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန် နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့